# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 16 , 2023 | Volume 71, Number 11

၁၆.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၈ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၅၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၃.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၆.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၈.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၁၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၈၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့၊ (၁၄:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်မှုတိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

Source: https://www.commerce.gov.mm/my/article

## အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင် ဆောင်ရွက်ခြင်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း




အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ၏ ဦးစားပေးကဏ္ဍတစ်ခုဖြစ်သည့် တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့၊ နံနက် (၁၀:၃၀) နာရီတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ စုစုပေါင်း (၃၁) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းဌေးက ကဏ္ဍကော်မတီကို Update ပြုလုပ်ခြင်း၊ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသူများက အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များကို ပြင်ဆင်/ဖြည့်စွက်ရန်၊ သက်ဆိုင်ရာဌာန/အသင်းအဖွဲ့များအလိုက် လုပ်ငန်းစီမံချက် (Plan of Actions – PoAs) ပါ လုပ်ငန်းစဉ်များအပေါ်တွင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် သုတေသနနှင့်ဖွံ့ဖြိုးရေးလိုအပ်ချက်များဆိုင်ရာ လုပ်ဆောင်ရန်လိုအပ်မှု ဆန်းစစ်ချက်ပြုလုပ်ရန် အစီရင်ခံစာတစ်စောင်ရေးသားထုတ်ဝေဖြန့်ချိရန်နှင့်ပတ်သက်၍ အစိုးရ-ပုဂ္ဂလိကအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး တာဝန်ခွဲဝေသတ်မှတ်/ဆောင်ရွက်ရန်၊ တီထွင်ဖန်တီးမှုဆိုင်ရာ အလုပ်သင်အစီအစဉ်အတွက် တက္ကသိုလ်များ (စီးပွားရေး၊ ကွန်ပျူတာနှင့်စက်မှု) က အစိုးရ-ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဦးစားပေးပြည်ပပို့ကုန်ကဏ္ဍများရှိ တီထွင်ဖန်တီးနိုင်မှုဆိုင်ရာလုပ်ငန်းများနှင့် အခွင့်အလမ်းများအကြောင်း အသိပညာပေး အစည်းအဝေးပွဲများပြုလုပ်ရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာကို အထောက်အကူပြုနိုင်မည့်ကဏ္ဍများကို ရွေးချယ်ဆောင်ရွက်ရန်၊ PoA ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အတွက် အစိုးရဌာနများမှ နိုင်ငံတော်ဘတ်ဂျက်တွင် လျာထားတင်ပြရယူဆောင်ရွက်ခြင်းအပြင် ပုဂ္ဂလိကကဏ္ဍမှလည်း ရန်ပုံငွေထည့်ဝင်နိုင်မှုရှိပါက ထည့်ဝင်သွားရန်၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ Resource Person နှင့် Resource Sharing များ ထည့်ဝင်ဆောင်ရွက်နိုင်ရန်၊ PoA ပါ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်နိုင်သည့်ကာလနှင့် အကောင်အထည်ဖော်နိုင်မှု အတိုင်အတာများအရ ဆောင်ရွက်သွားရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက ဆွေးနွေးတင်ပြခဲ့သည့် PoA ပါ အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည့် လုပ်ငန်းစဉ်များအား ကော်မတီအဖွဲ့ဝင်များသို့ ဖြန့်ဝေသွားရန်၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနကဦးဆောင်၍ PoA ကို ပြုပြင်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များအတွက် သီးခြားအစည်းအဝေး ခေါ်ယူသွားရန်စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လည် (၁၂:၄၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

**Source: https://myantrade.gov.mm/article**

## ကြက်သွန်နဲ့နှမ်းဈေးမြင့်တက်လာ

စားဖိုဆောင်သီးနှံတွေထဲမှာတော့ တစ်ပတ်အတွင်း ကြက်သွန်နီ ကြက်သွန်ဖြူက ဈေးမြင့်တက်နေခဲ့ပြီး အခြား ငရုတ်၊ အာလူးတို့က ဈေးငြိမ်နေပါတယ်။ နှမ်းမျိုးစုံဈေး အနည်းငယ်ဈေးမြင့်တက်လာပါတယ်။

**ကြက်သွန်နီ**

ရာသီဥတုကြောင့် ဈေးကွက်ထဲအဝင်လျော့နည်းတဲ့အတွက် တစ်ပတ်အတွင်းဈေးတွေ မြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် ၂ ရက်အတွင်း ပုံမှန်အဝင်ရှိလာတဲ့အတွက် အနည်းငယ်ဈေးပြန်ကျဆင်းသွားခဲ့ပါတယ်။ ဈေးကွက်ထဲကို နေ့စဉ် ပိဿာချိန် ၂ သိန်းအထက် အဝင်ရှိရာမှ ၁ သိန်းအောက်ထိ ကျဆင်းသွားတဲ့အတွက် ဈေးမြင့်တက်လာတာဖြစ်ပါတယ်။

လက်ရှိမှာတော့ ဈေးကွက်ထဲကို ကြက်သွန်နီ(ဆိပ်ဖြူ၊ မြင်းခြံ၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ပခုက္ကူ၊ တောင်သာ) အစရှိတဲ့ ကြက်သွန်တွေအဝင်များပြီး တစ်ပိဿာကို ၁၈၀၀ မှ ၃၂၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၂၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

ကြက်သွန်နီကတော့ နယ်စုံကနေ အဝင်များ/အဝင်သွက်နေတဲ့အတွက် ဈေးအတက်အကျရှိနေပေမယ့် အများကြီး ဈေးကျဆင်းသွားတာမျိုး မရှိပါဘူး။ နေ့စဉ်ဈေးကွက်ထဲကို ပိဿာချိန် တစ်သိန်းအထက် ဝင်ရောက်မှုရှိနေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ကြက်သွန်နီ (ဆိပ်ဖြူ၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ)တို့က တစ်ပိဿာကို ၂၁၅၀ မှ ၃၀၀၀ ကြားရှိနေပြီး တစ်ပိဿာကို ၁၀၀ ကျပ်ဈေး ကျဆင်းသွားပါတယ်။

**ကြက်သွန်ဖြူ**

ပြီးခဲ့တဲ့အပတ်က ဈေးကျဆင်းနေတဲ့ကြက်သွန်ဖြူက ဒီတစ်ပတ်မှာတော့ အဝင်နည်းပြီး ဈေးပြန်မြင့်တက်လာပါတယ်။ ရာသီဥတုအပြင် ကားလမ်းပိုင်း အခြေအနေများကြောင့် ဈေးကွက်ထဲ ပုံမှန် ပိဿာ ချိန် ၁ သောင်းကျော် ဝင်ရောက်နေရာမှ ၆ ထောင်လောက်သာ အဝင်ရှိခဲ့တဲ့အတွက် ဈေးမြင့်တက်လာခဲ့တာ ဖြစ်ပါတယ်။

ကြက်သွန်ဖြူ(ကြူကုတ်)က ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တစ်ပိဿာကို ၇၃၀၀ မှ ၇၄၀၀ ရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ်ဈေး ကျဆင်းသွားပါတယ်။

ရှမ်းကြက်သွန်ကတော့ ဝယ်လိုအားကောင်းပြီး အဝင်နည်းလာတဲ့အတွက် တစ်ပိဿာကို ၇၅၀၀ မှ ၈၉၀၀ ရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ်ဈေးတက်လာတာပါ။

**နှမ်းဈေးကွက်**

နှမ်းမျိုးစုံဈေးကွက်ကတော့ တရုတ်ဝယ်လက် ရှိနေတဲ့အတွက် ဈေးက မြင့်တက်လာပါတယ်။ ဈေး ကွက်ထဲ နှမ်းအသစ်တွေ အဝင်ရှိနေပေမယ့်လည်း အဝင်ရှိသလောက် အဝယ်သွက်နေတယ် လို့သိရပါတယ်။

မန္တလေးဈေးကွက်မှာ နှမ်းနက်(စမုံ)က တစ်အိတ်ကို ၂၉၀၀၀၀ မှ ၃၆၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ်ဈေးတက်လာပါတယ်။

နှမ်းဖြူ(ဂျပန်)ကတော့တစ်အိတ်ကို ၃၈၅၀၀၀ မှ ၃၉၀၀၀၀ ရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ဈေးတက်လာသည်။ နှမ်းဖြူ(ရိုးရိုး) ကတော့ တစ်အိတ်ကို ၃၆၀၀၀၀ မှ ၃၈၅၀၀၀ ရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ်ဈေးမြင့်တက်လာသည်။

ပြီးခဲ့တဲ့အပတ်က ဈေးကျဆင်းခဲ့တဲ့ နှမ်းညိုကလည်း တစ်အိတ်ကို ၁၈၅၀၀၀ မှ ၁၉၀၀၀၀ ကြားရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်ဈေး မြင့်တက်လာပါတယ်။

**Source: (AMIA)**

https://greenwaymyanmar.com/posts/onion_market_price_oct_15

## မြင်းမူမြို့နယ်၌ ထန်းလျှော်များကိုအသုံးပြု၍ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် မူးမန္တလေး ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ထန်းပင်မှ ရရှိသည့် ထန်းလျှော်များကိုအသုံးပြု၍ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသ၌ ထန်းလျှော်နှင့်လူသုံးကုန်ပစ္စည်းများ ရက်လုပ်ခြင်းလုပ်ငန်းကို ရှေးယခင်ကပင် မိရိုးဖလာလုပ်ငန်း အဖြစ် လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး ကျေးရွာများရှိ ကလေးအရွယ်များကပင် ထန်းလျှော်နှင့်ပတ်သက်သည့်လုပ်ငန်းများကို တတ်ကျွမ်းကြသည်။



လူသုံးကုန်ပစ္စည်းများရက်လုပ်ရန် ထန်းလျှော်ကုန်ကြမ်းကို ထန်းပင်မှ ရရှိနိုင်သကဲ့သို့ ပတ်ဝန်းကျင် ကျေးရွာများမှလည်း ဝယ်ယူရရှိနိုင်ပြီး ကုန်ကြမ်းဈေးနှုန်းအနေဖြင့် ထန်းလျှော်အချောင်းရေ ၁၀၀ လျှင် ငွေကျပ် ၇၀၀ ရှိသည်။

ထန်းလျှော်ဖြင့် လူသုံးကုန်ပစ္စည်းများ ပြုလုပ်ရာတွင် တောင်းအရွယ်အစားအမျိုးမျိုး၊ လက်ဆွဲခြင်းနှင့်အုန်းဆွဲခြင်းများကို အဓိကပြုလုပ်ကြပြီး ကိုယ်ပိုင်ရက်လုပ်ရောင်းချသူများ၊ လက်ခစား ပြုလုပ်သူများစသည်ဖြင့် အမျိုးမျိုးရှိကာ နေ့စားလုပ်အားခအနေဖြင့် တစ်ရက်လျှင် ငွေကျပ် ၆၀၀၀ အထိရရှိကြောင်း သိရသည်။

အဆိုပါပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ ရွှေဘိုနှင့်တခြားမြို့တို့သို့ တင်ပို့လျက်ရှိပြီး ပွဲတော်များကျင်းပသည့် မြို့ရွာများသို့ သွားရောက်ကာ ရောင်းချမှုများလည်းရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/47088

## မအူပင်မြို့နယ်တွင် ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၄၀၀၀၀၀ ထိ ဈေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၄၀၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍သိရသည်။

မအူပင်မြို့နယ်တွင် ဩဂုတ်လနှင့် စက်တင်ဘာလက ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၁၀၀၀၀၀ ထိသာ ဈေးရှိခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ (အောက်တိုဘာလ ၁၃) ရက်နေ့ထိ ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၄၀၀၀၀၀ ထိဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ပေါ်ဆန်းစပါး ဈေးကောင်းလာခြင်းသည် ပေါ်ဆန်းစပါး လက်ကျန်နည်းနေခြင်းနှင့် စပါးအသစ်မပေါ်သေးခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“အခု ပေါ်ဆန်းစပါးတွေ ဈေးကောင်းရရှိနေတာက လက်ကျန်စပါးတွေနည်းနေတာနဲ့ စပါးအသစ်မပေါ်သေးတာကြောင့်ပါ။ ရန်ကုန်ဘက်က စပါးတွေ ဝယ်ယူမှုအားကောင်းနေသလို ဈေးကောင်းလဲပေးနေပါတယ်။ လက်ရှိပေါ်ဆန်းစပါးတင်း ၁၀၀ ကို ငွေကျပ် ၂၄၀၀၀၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ လက်ရှိပြည်တွင်း ဈေးကွက်မှာ ပေါ်ဆန်းစပါးက ဝယ်ယူမှုအားကောင်းနေပါတယ်။ လက်ကျန်စပါး အဟောင်းတွေပါ။ ဒီကနေ တင်ပို့တဲ့စပါးတွေက အရည်အသွေးကောင်းတော့ ဈေးကောင်းရရှိပါတယ်။ စပါးဈေးကောင်းရရှိတော့ တောင်သူအပါအဝင် လုပ်သားတွေပါ အဆင်ပြေပါတယ်” ဟု မအူပင်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဆန်နှင့်စပါးများကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချနေကြောင်း၊ ပေါ်ဆန်းစပါး ဈေးကောင်းရရှိလာသည့်အတွက် နွေစပါးဝယ်ယူသိုလှောင်သူများ၊ ကုန်သည်များ၊ စပါးသိုလှောင်ထားသည့် တောင်သူများ၊ ကုန်တင်ကား အငှားလိုက်သူများ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ချင်းရွှေဟော်နယ်စပ်မှ ရော်ဘာတန်ချိန် ၈၀၀ ကျော် တင်ပို့ထား

ယခု ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်းမှာ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ ရော်ဘာတန်ချိန် ၈၀၀ ကျော် တင်ပို့ခဲ့တယ်လို့ စီးပွားကူးသန်းရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ ကာလအတွင်း ရော်ဘာ (၈၃၆.၂၅) တန် တင်ပို့ခဲ့ခြင်းဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

အခုလအတွင်း အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း (၁၀) မျိုးမှာ ရော်ဘာအပြင် ဆန်ကွဲ (၁၃၈၆.၇၅) တန်၊ နှမ်း (နက်) (၂၄၂.၂၅) တန်၊ ပြောင်း (၁၁၀၂.၀၀၀) တန်၊ ပဲယင်း (၃၅၅.၉၈၇) တန်၊ ပဲတီစိမ်း (၂၅၃.၀၀၀) တန်၊ ဆန် (၂၀၃.၇၅) တန်၊




ပဲလွန်းဖြူ (၆၈.၅၀၀) တန်၊ မြေပဲ (အခွံပါ) (၃၃.၉၀) တန်နှင့် စွန်တာနီပဲ (၃၄.၀၀၀) တန် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ချင်းရွှေဟော်စခန်းမှ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း (၁၀) မျိုးမှာ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ၊ စက်နှင့်စက်ပစ္စည်းများ၊ တယ်လီဖုန်းနှင့်ဆက်စပ်ပစ္စည်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဓာတုဗေဒပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများဖြစ်ကြောင်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

Opinion Leaders မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## အိန္ဒိယအစိုးရ ဆန်တင်ပို့မှုပိတ်ပင်ပြီးနောက် နီပေါနယ်ခြား ဆန်မှောင်ခိုများ တောထ



အိန္ဒိယ-နီပေါနယ်စပ်တလျှောက်ရှိ ရွာသူရွာသားများသည် အိန္ဒိယဆန်ကို နီပေါသို့ ဆန်မှောင်ခိုကူးရာတွင် ပါဝင်လုပ်ကိုင်နေကြသည်။

အလုပ်လက်မဲ့ လူငယ် အမျိုးသား၊ အမျိုးသမီးများနှင့် တစ်ခါတစ်ရံ သက်လတ်နှင့် သက်ကြီးများပင်လျှင် ဒေသတွင်းမှောင်ခိုသမားများအတွက် ကယ်ရီများအဖြစ် လုပ်ကိုင်ကြသည်။ နယ်စပ်အနီး နီပေါနိုင်ငံဘက်ရှိ ယာယီဆန်ထားသိုသည့် နေရာများဆီသို့ နယ်ခြားဖြတ်ကျော်ပြီး အိန္ဒိယဆန်ကို ပို့ပေးကြသည်။ ဆန်မှောင်ခိုကုန်ကူးခြင်းကို တိုက်ဖျက်ရန် အဖမ်းအဆီးများရှိနေပြီး ပြီးခဲ့သည့် လေးလအတွင်း ဆန် ၁၁၁ ဒသမ ၂ တန်ကျော် ဖမ်းဆီးရမိခဲ့သည်။

နေ့စဉ် နံနက်မိုးလင်းချိန်တွင် အိန္ဒိယ-နီပေါနယ်စပ်မှ နယ်စပ်ဖြတ်ကျော်ရန် လွယ်ကူသည့်နေရာ ၈၄ ကီလိုမီတာ တလျှောက်ရှိ ကျေးရွာများတွင် လှုပ်ရှားမှုများ သိုသိုသိပ်သိပ်ဖြင့် စတင်လာသည်။ အချို့က ဆန်များကို တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန်အတွက် ထမ်းပိုးပြီးခြေလျင်သွားသည်။ အချို့က မော်တော်ဆိုင်ကယ်သုံးသည်။ တစ်ကီလိုမီတာဝန်းကျင် ဝေးသည့် ခရီးကို သယ်ပို့ပေးသည့် ဆန်ကီလိုဂရမ် ၁၀၀ အတွက် ကယ်ရီခ ရူပီ ၃၀၀ ပေးသည်။ အနည်းဆုံး ၁၀ ကီလိုဂရမ်လေးသော ဆန်အိတ်များကို အခေါက်ခေါက်အခါခါ သယ်ကြသည်။ မနက်၊ မွန်းလွဲနှင့်ညနေ တို့တွင် သယ်ကြသည်။ အစစ်အဆေး အဖမ်းအဆီးများသည့် ညဘက်ကိုရှောင်ကြသည်။ "နီပေါကုန်သည်တွေက မှောင်ခိုဆန်တွေလာပို့ရင် ယာယီထားဖို့ နယ်စပ်မှာ ဂိုဒေါင်သေးသေးလေးတွေ ဆောက်ထားတယ်။ ဂိုဒေါင်တွေမှာ စုဆောင်း ထားတဲ့ဆန်တွေကို အပတ်တိုင်းရှင်းထုတ်ပြီး ပိုကြီးတဲ့ ဂိုဒေါင်ကြီးတစ်ခုဆီရွှေ့တယ်" ဟု ဆန်ကယ်ရီသမား Ram Prasad က ပြောကြားသည်။

အိန္ဒိယအစိုးရက ပြည်တွင်းဆန်ဖူလုံရေးနှင့် လာမည့်ပွဲတော်ရာသီအတွင်း လက်လီဈေးနှုန်းများထိန်းထားရန် ဘာစမာတီ မဟုတ်သော ဆန်ဖြူတင်ပို့မှုကို ဇူလိုင်လတွင် ပိတ်ပင်ခဲ့ပြီးနောက် နီပေါတွင် ဆန်ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ "ပြည်ပတင်ပို့မှု ပိတ်ပင်ပြီးနောက် နီပေါမှာ ဆန်ဈေးတွေ တက်သွားတယ်။ အိန္ဒိယမှာ တစ်ကီလိုဂရမ်ကို ၁၅-၂၀ ရူပီးဖြင့် ရောင်းချတဲ့ ဆန်က နီပေါမှာ တစ်ကီလိုဂရမ် ၇၀ ရူပီး အထိ ဈေးမြင့်နေတယ်" ဟု ဆန်တင်ပို့မှု မပိတ်ပင်ခင်က နီပေါသို့ ဆန်တင်ပို့ခဲ့သည့် ကုန်သည် Suraj Jaiswal က ပြောကြားသည်။ "ကယ်ရီခပေးပြီး ပြန်ရောင်းတာမှာ မြတ်နေတော့ မှောင်ခိုကြတယ်"ဟု သူကပြောသည်။

မှောင်ခိုဆန် ကုန်ကူးကြသဖြင့် ဝယ်လိုအားများလာသောကြောင့် အိန္ဒိယဘက်တွင်လည်း ဆန်ဈေး မြင့်တက်သည်။ မှောင်ခို မစတင်ခင် ဇူလိုင်လတွင် ဆန်ကြမ်း တစ်ကီလိုဂရမ် ၁၅ ရူပီးမှ ၂၀ ရူပီးအထိဖြစ်ခဲ့ပြီး ယခုအခါ ရူပီး ၃၀ မှ ၃၅ အထိ ဈေးတက်သွားသည်။

Source: economictimes

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7071-asia-rice.html

## သကြားဈေးမြင့်တက်သော်လည်း စက်တင်ဘာလ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း အနည်းငယ်သာပြောင်းလဲကြောင်း FAO ပြောကြား



ကုလသမဂ္ဂ စားနပ်ရိက္ခာအေဂျင်စီ၏ ကမ္ဘာ့ဈေးနှုန်းညွှန်းကိန်းသည် စက်တင်ဘာလတွင် ယေဘုယျအားဖြင့် တည်ငြိမ်ခဲ့သည်။

ဟင်းရွက်ဆီများ၊ နို့ထွက်ပစ္စည်းနှင့် အသားများအတွက် ညွှန်းကိန်းများ ကျဆင်းမှုသည် သကြားနှင့်ပြောင်းဈေးနှုန်းများ မြင့်တက်မှုကိုထေမိပြီး ဘဲစားဘဲချေဖြစ်ခဲ့သည်။

စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ Food and Agriculture Organization (FAO) ၏ ဈေးနှုန်းအညွှန်းကိန်းသည် ကုန်သွယ်မှု ကမ္ဘာ့အများဆုံး စားသောက်ကုန်များ၏ ဈေးနှုန်းများကို လိုက်လံမှတ်သားပြီး ပျမ်းမျှတန်ဖိုး တွက်ချက်ပေးထားခြင်းဖြစ်သည်။ စက်တင်ဘာလအတွက် ပျမ်းမျှ ၁၂၁.၅ ဖြစ်ခဲ့ပြီး ဩဂုတ်လပျမ်းမျှ ၁၂၁.၆ နှင့် အနည်းငယ်သာကွာဟသည်ဟု FAO က အောက်တိုဘာလ ၁၃ ရက်တွင် အချက်အလက်ထုတ်ပြန်သည်။

FAO ၏ နံ့စားသီးနှံညွှန်းကိန်းသည် ယခင်လထက် ၁% မြင့်တက်ခဲ့သည်။ ပြောင်းဆံဈေးနှုန်း ၇% မြင့်တက်ခဲ့သည်။ ကမ္ဘာ့ဈေးကွက်ထဲ ပြောင်းဆံများ တင်ပို့သည့် နိုင်ငံများကို ကြည့်လျှင် –

- ဘရာဇီးပြောင်းဆံများ အဝယ်လိုက်သည်။
- အာဂျင်တီးနားတွင် တောင်သူလယ်သမားများ ပြောင်းဆံ အရောင်းနှေးခဲ့သည်။
- အမေရိကန်ပြောင်းဆံသည် မစ္စစ္စပီမြစ်တလျှောက် ရေတိမ်ပြီးသောင်ထွန်းနေသဖြင့် သယ်ပို့ခများ မြင့်တက်ခဲ့သည်။ နိုင်ငံတကာ ဂျုံဈေး ၁.၆% ကျဆင်းသွားသည်။ ကမ္ဘာ့ဈေးကွက်ထဲ ဂျုံတင်ပို့မှုတွင် အဓိကကျသည့် ရုရှားဂျုံများ အထွက်နှုန်းကောင်းပြီး ကမ္ဘာ့ဂျုံဈေးကွက်ထဲ စီးဝင်ခဲ့သည်။

ဩဂုတ်လတွင် ၁၀ ရာခိုင်နှုန်းနီးပါး တစ်ဟုန်ထိုးတက်လာခဲ့သည့် ဆန်ဈေးနှုန်းသည် စက်တင်ဘာလတွင် တင်သွင်းမှု နည်းပါးခြင်းကြောင့် ဝ.၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း FAO က ပြောကြားသည်။

သကြားအညွှန်းကိန်းသည် ဩဂုတ်လထက် ၉ ဒသမ ၈ ရာခိုင်နှုန်း ခုန်တက်ခဲ့သည်။ ၂၀၁၀ နိုဝင်ဘာလနောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်ဆီဈေး ၃.၉% ကျဆင်းသည်။ နို့ထွက်ပစ္စည်းဈေးနှုန်းများ ၂.၃% ကျဆင်းခဲ့သည်။ ဆက်တိုက်ကျဆင်းလျက်ရှိရာ စက်တင်ဘာလသည် ၉ လမြောက်ဖြစ်ပါသည်။ ကမ္ဘာ့ဝယ်လိုအားနည်းနေပြီး လက်ကျန်သိုလှောင်မှုများနေသည်။ အသားဈေးများ ၁.ဝ% ကျဆင်းသွားသည်။

FAO မှ သီးနှံထောက်ပံ့မှုနှင့် ဝယ်လိုအားဆိုင်ရာ သီးခြားထုတ်ပြန်သည့် အစီရင်ခံစာတွင် ယခုနှစ်အတွင်း ကမ္ဘာ့ နံ့စားသီးနှံ ထုတ်လုပ်မှုသည် တန်ချိန် ၂,၈၁၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ယခင် တန်ချိန် ၂,၈၁၅ ဘီလီယံဟု ခန့်မှန်းခဲ့သည်ကို အနည်းငယ် တိုးမြှင့်ခန့်မှန်းလိုက်ခြင်းဖြစ်သည်။ ကမ္ဘာ့ဆန်ထုတ်လုပ်မှု တန်ချိန် ၅၂၃.၁ သန်းဟုခန့်မှန်းသည်။ ကမ္ဘာ့ဂျုံ ထုတ်လုပ်မှု တန်ချိန် ၇၈၅ သန်းဟု ခန့်မှန်းသည်။

**Source: FAO**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7066-fao.html

## အိန္ဒိယ၏ထုတ်ကုန်ပစ္စည်းများဖြစ်သည့် ကြက်သား၊ နို့ထွက်ပစ္စည်း၊ ဘာစမာတီဆန်နှင့် နံ့စားသီးနှံများအတွက် အရှေ့အလယ်ပိုင်းဒေသသည် ကြီးမားသောဈေးကွက်ဖြစ်

သွင်းကုန်များအတွက် အိန္ဒိယအစိုးရ၏ပံ့ပိုးကူညီမှုကို တောင်းဆိုမှုနှင့်အတူ အိန္ဒိယ၏ ကြက်သား၊ နို့ထွက်ပစ္စည်း၊ ဘာစမာတီဆန်၊ အေးခဲပင်လယ်စာထွက်ကုန်များနှင့် ဂျုံထွက်ကုန်များအတွက် အရှေ့အလယ်ပိုင်းနိုင်ငံများ၌ ဝယ်လိုအား ကြီးမားစွာရှိသည်ဟု ယူအေအီးစားသောက်ကုန်လုပ်ငန်းမှ ပြောကြားခဲ့ကြောင်းနှင့် UAE မှ လုပ်ငန်းရှင်များက

စားသောက်ကုန်များအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့် လုပ်ငန်းစဉ်များတွင် လွယ်ကူချောမွေ့မှုရှိစေရေး၊ စိုက်ပျိုးရေးနှင့်ပြုပြင်ပြီးစားနပ်ရိက္ခာထုတ်ကုန်များတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့(APEDA)နှင့် ပိုမိုညှိနှိုင်းဆောင်ရွက်ခြင်း၊ စံချိန်စံညွှန်းများသဟဇာတဖြစ်အောင် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များတွင် အိန္ဒိယအစိုးရ၏ ပံ့ပိုးကူညီမှုကို တောင်းဆိုထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယထုတ်ကုန်များ၏ အရည်အသွေးမြင့်ထုပ်ပိုးမှုသည် ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေးဗီးယားနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(UAE)ကဲ့သို့သောနိုင်ငံများတွင် အစားအစာနှင့်စားသောက်ကုန်ထုတ်ကုန်များ တင်ပို့မှုတိုးမြင့်လာစေရန် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအား အထောက်အကူပြုစေကြောင်းနှင့် ပြီးခဲ့သည့်သီတင်းပတ်က ယူအေအီးသို့ ရောက်ရှိခဲ့သော အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Piyush Goyal က သွင်းကုန်လုပ်ငန်းရှင်များနှင့် အသေးစိတ်ဆွေးနွေးခဲ့ပြီး အိန္ဒိယမှပို့ကုန်တိုးမြှင့်ရန်နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းနိုင်ငံများသည် အေးခဲထားသည့်ထုတ်ကုန်များကိုတင်ပို့ရန် အိန္ဒိယအတွက် ကြီးမားသည့်ဈေးကွက်ကြီးဖြစ်ကြောင်း Global Food Industries LLC မှ UAE(Frozen and Beverages)၏ အရောင်းဌာနမှူး Nissar Thalangara က ပြောကြားခဲ့ကြောင်း၊ အိုမန်အခြေစိုက် Khimji Ramdas Group မှ ကိုယ်စားလှယ်တစ်ဦးကလည်း အိန္ဒိယဘာစမာတီဆန်ကို ဝယ်လိုအားရှိနေပြီး ယင်းဆန်အပေါ် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း(MEP)လျှော့ချခြင်းသည် အိန္ဒိယတင်ပို့မှုကိုမြင့်တင်ရန် အထောက်အကူဖြစ်စေမည်ဟု ပြောကြားခဲ့ကြောင်းနှင့် လက်ရှိတွင် MEP တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ မှ ၈၅၀ သို့ လျှော့ချရန် အိန္ဒိယအစိုးရက စဉ်းစားနေကြောင်း သိရသည်။

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(Gulf Cooperation Council – GCC) နိုင်ငံများမှ အခြားသော ကုန်သည်များက ဟာလာလ်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးကိစ္စကို တင်ပြခဲ့ကြကြောင်းနှင့် အိန္ဒိယနိုင်ငံသည် ဟာလာလ်အသားအသိအမှတ်ပြုစနစ်တစ်ခုကို စနစ်တကျတည်ဆောက်ထားရှိကြောင်း သိရှိရသည်။

Allanasons Pvt Ltd မှ အမှုဆောင်ဒါရိုက်တာ Fauzan Alavi က အိန္ဒိယနှင့်ယူအေအီးကြား လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်သည် အသားထွက်ကုန်များတင်ပို့မှုမြင့်တင်ရာတွင် အထောက်အကူဖြစ်စေကြောင်းနှင့် အိန္ဒိယမှ ယူအေအီးသို့ ပို့ကုန်များတိုးမြှင့်နိုင်ရန် အခွင့်အလမ်းများ ပိုမိုတွေ့မြင်ရသည်ဟု ပြောကြားခဲ့သည်။

အလားတူအမြင်များကို မျှဝေရာတွင် Choithrams(လက်လီဝယ်ယူရေး)အကြီးအကဲဖြစ်သူ Kirti Meghnani က ကုန်ပစ္စည်းများထုပ်ပိုးခြင်းအပေါ် အာရုံစိုက်ခြင်းသည် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအား UAE နှင့် အခြားသောပင်လယ်ကွေ့ဒေသနိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြင့်လာစေရန် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း၊ Appcorp Holding ဥက္ကဋ္ဌ Nitesh Ved က APEDA ရုံးတစ်ခုတည်ထောင်ခြင်းသည် အစားအသောက်လုပ်ငန်းကို အထောက်အကူဖြစ်စေမည်ကြောင်း အကြံပြုခဲ့ကြသည်။

GCC အဖွဲ့မှ အခြားတင်သွင်းသူများကလည်း အိန္ဒိယချည်ထည်လုပ်ငန်းမှထုတ်လုပ်သော ကုန်ပစ္စည်းများအတွက် ဝယ်လိုအားရှိကြောင်းနှင့် အိန္ဒိယသည် စံချိန်စံညွှန်းများ၊ ထုပ်ပိုးခြင်းနှင့်တံဆိပ်ကပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယ-ယူအေအီးကုန်သွယ်ရေးသဘောတူညီချက်ကို ယမန်နှစ်မေလတွင် အကောင်အထည်ဖော်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၁ -၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၂.၉ ဘီလီယံမှ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၄.၉ ဘီလီယံအထိ တိုးမြင့်လာခဲ့ကြောင်းသိရှိရသဖြင့် အိန္ဒိယနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများအကြား ကုန်သွယ်မှုမြင့်တင်နိုင်ရေးကြိုးပမ်း ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ရေးတင်ပြလိုက်ရပါသည်။

**Source : Huge demand for Indian chicken, dairy, basmati rice, wheat products in Middle East: UAE industry, The Economic Times, 8 October 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)_14102023_22:54

# STOCK EXCHANGE (16.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 16th Oct. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,905 (Shares) | 6,339,150 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,800 | 8,900 | 8,800 | 261 | 2,297,900 | 33,109,694 | 294,676 |
| MTSH | 00002 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 55 | 164,950 | 38,929,150 | 116,788 |
| MCB | 00003 | 7,900 | +300 | +3.95% | 8,600 | 8,600 | 7,900 | 81 | 695,900 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 321 | 545,700 | 29,664,613 | 50,430 |
| TMH | 00005 | 2,650 | +100 | +3.92% | 2,600 | 2,650 | 2,600 | 162 | 421,450 | 12,823,224 | 33,982 |
| EFR | 00006 | 2,150 | -50 | -2.27% | 2,150 | 2,150 | 2,100 | 585 | 1,240,250 | 19,977,223 | 42,951 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 60 | 294,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 380 | 679,000 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 16th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.22 | +2.59 | +0.69% | 381.27 | 383.08 | 379.22 | 1,905 | 6,339,150 | 8 | 715,282 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 16th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 1,905 (Shares) | 6,339,150 (MMK) |

## Main Board

As of 1:00 pm, 16th Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,905 (Shares) | 6,339,150 (MMK) |

| MYANPIX | 379.22 ▲ 2.59 |
|---|---|
| Total Volume (shares) | 1,905 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 715,282 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 300 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,650 | ▲ 100 |
| EFR | 00006 | 2,150 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |